# ရာထူးတိုးမြှင့်ရေးဆိုင်ရာအဆိုပြုတင်ပြလာမှုများအပေါ် စိစစ်သဘောတူညီချက်ပြန်ကြားဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ (၂၂) မှ (၂၈) ထိ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ၁၄(ဂ) ၊ ၃၄(ဂ)၊ ၃၇ နှင့် ၄၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဌာနတွင်းအမှုထမ်း (လစာနှုန်း၊ ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀) အဆင့် နှင့် ( လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ )အဆင့်များအား ပြန်တမ်းဝင်အရာရှိ( လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ )အဆင့် လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုချက်များကို စနစ်တကျစိစစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့အစည်းအဝေးများတွင်တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံသို့ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ပြန်ကြားပေးခဲ့ပါသည်။

၂။ ၁၀-၁၁-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၄၄/၂၀၂၂)၌ အောက်ဖော်ပြပါ ဝန်ကြီးဌာန (၄)ခုမှ ပေးပို့လာသော ရာထူးတိုးမြှင့်ရေးအဆိုပြုချက် (၆)ခုပါ သတ်မှတ်လုပ်သက်ပြည့်မီသည့် ဝန်ထမ်း(၇)ဦးတို့အား တိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၁။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန<br>(က) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | (၁)ဦး | ၁၁-၁၀-၂၀၂၂ | ၂၇-၁၀-၂၀၂၂ | ၁-၁၁-၂၀၂၂ | ၁၀-၁၁-၂၀၂၂<br>(၄၄/၂၀၂၂) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့်ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| | (ခ) စီမံကိန်းဦးစီးဌာန | (၂)ဦး | ၂၇-၁၀-၂၀၂၂ | ၂-၁၁-၂၀၂၂ | ၄-၁၁-၂၀၂၂ | ၁၀-၁၁-၂၀၂၂ (၄၄/၂၀၂၂) |
| ၂။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန<br>- လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | (၁)ဦး | ၂၂-၉-၂၀၂၂ | ၃၁-၁၀-၂၀၂၂ | ၁-၁၁-၂၀၂၂ | ၁၀-၁၁-၂၀၂၂ (၄၄/၂၀၂၂) |
| ၃။ | ပညာရေးဝန်ကြီးဌာန<br>- ဆရာအတတ်ပညာဦးစီးဌာန | (၁)ဦး | ၂၂-၉-၂၀၂၂ | ၂၆-၁၀-၂၀၂၂ | ၂-၁၁-၂၀၂၂ | ၁၀-၁၁-၂၀၂၂ (၄၄/၂၀၂၂) |
| ၄။ | ဆောက်လုပ်ရေးဝန်ကြီးဌာန<br>- အဆောက်အဦဦးစီးဌာန | (၂)ဦး | ၆-၁၀-၂၀၂၂ | ၂၈-၁၀-၂၀၂၂ | ၁-၁၁-၂၀၂၂ | ၁၀-၁၁-၂၀၂၂ (၄၄/၂၀၂၂) |